

ယား
ပါဝင်သော
ရင်ခွင်ပြဇာတ်
မောင်ကျော်ဦး


ပါဝင်သော

အဝေးပြေးကားဂိတ်ကို ခရီးသည်
တစ်ဦးလိုက်ပို့အပြီး.. အပြင်မှာက
ကောင်းချင်တော့သူ့ ဆိုက်ကားကိုတွား
လာသည့် ခရီးသည်တစ်ဦး နှင့်ဆုံသည်





သူလှည့်ကြည့်တော့..မိန်းမပျိုတစ်ဦး..လေးငါးနှစ်အရွယ်
ကလေးငယ်တစ်ယောက်နှင့် ဆွဲခြင်းတောင်းကြီးတစ်လုံးနှင့်
ခရီးဆောင်အိတ်ကြီးတစ်အိတ်ပါ ပါသည်..




၃

သူမလက်ထဲမှာ ဆုပ်ကိုင်ထားသော စာရွက်လေးကို
ကမ်းပေးရင်း ဆိုနေတာမို့ သူလှမ်း ယူကြည့်လိုက်မိသည်..


နာမည်တွေကို မြင်
လိုက်ရုံနှင့် သူ့လိပ်စာ
ကို ကြည့်စရာမလိုဘဲ
အမျိုးသမီးကို မော့
ကြည့်လိုက်မိသည်..
ဟို..အဲ့ဒီအိမ်
လိပ်စာကအတော်
ဝေးသေးသလား
ဟင်..
အင်း သိပ်တော့
မဝေးပါဘူး..လေးလမ်း
ကျော်လောက်ဆို
ရောက်ပြီ..
ဟို..ဒါဆို ကျွန်မကို
လမ်းညွှန်ပေးပါလား..ရှင်
လမ်းလျှောက်သွားလို့
ရနိုင်တယ်မို့လားဟင်..
ဆိုက်ကားသမားကို လိပ်စာပြပြီး လမ်းညွှန်ပြခိုင်းနေသည့် သူမကို သူ
အကဲခတ်ကြည့်မိသည်..ဝတ်စားထားပုံက ခပ်နွမ်းနွမ်း..သနပ်ခါးမွှံမွှံ
လေးသာလိမ်းခြယ်ထားသော မျက်နှာလေးမှာပျက်တစ်ဝက်ထင်
တစ်ဝက်ရှိနေ၏..




အိတ်တစ်ဖက် ဆွဲခြင်းတစ်ဖက်နှင့် ကလေး ငယ်ပါ..ပါသေးသည့် မိန်းမစကားကြောင့် သူ မျက်မှောင်ကုပ်မိ၏..

ချာတိတ်လေးက သူ့ဆိုက်ကားကို လက်ညှိုး ထိုးပြီး မေးသည်..







ဆိုက်ကားစီးဖူးပုံ မရသော ချာတိတ်က ဖွတ်ပြော၏.. အမျိုးသမီးငယ် မျက်စိမျက်နှာပျက် နေသည်..


သားသားက စီးချင်လို့လား.. စီးရမှာပေါ့ကွာ.. ကဲ ညီမဆိုက်ကားပေါ် တက်ပါ..
ဟို..ဟိုလေ.. ဟို..ဟို..
ရှင်းရမည့် ဆိုက်ကားခအတွက် အခက်အခဲ ဖြစ်နေပုံရသော သူမကို လက်ကာပြလိုက်ရင်း
ညီမသွားမယ့် သိန်းရွှေကြည် နဲ့ ဝါးဗဟာ တို့ လင်မယားက ကျွန်တော်နဲ့ ရင်းနှီးပါတယ်..တစ်ရပ်ကွက်တည်း နေကြတာပါ..
ဆိုက်ကားခ တစ်ပြားမှမပေးနဲ့ လိုက်ပို့ပေးမယ်.. ဟုတ်ပြီလား..
ရှင်..အစ်ကိုနဲ့ သိတယ်လား..တော်သေးတာပေါ့ရှင်ညီမက တစ်ခါမှ မရောက်ဖူးတော့ ရွာမတွေမှာစိုးနေတာ


ဘာမှ မစိုးရိမ်နဲ့တော့.. ကဲ ညီမတို့ သားအမိ ရှေ့မှာ ထိုင်..ဟောဟိုခြင်းနဲ့ အိတ်ကို နောက်ခုံ မှာတင်လိုက်မယ်.. ဟုတ်ပြီလား...
သူ သွက်လက်စွာနှင့်ပဲ ခြင်းနဲ့အိတ်ကို ဆိုက်ကားနောက်ခုံမှာ တင်လိုက်သည်..ဆိုက်ကား စီးရတော့မှာမို့ ကျေနပ်နေပုံရသော ချာတိတ်ကတော့ သူ့မရင်ခွင်ထဲမှာ ရွှင်မြူးနေသည်..
သူ ဆိုက်ကားကို နင်းထွက်ရင်း နှုတ်ကလည်း စပ်စုကြည့်မိ၏
ညီမက သိန်းရွှေကြည် တို့ဆီ အလည် လာတာလား...
ဟို ဟုတ်ကဲ့ရှင်..


သိန်းရွှေကြည် နဲ့ဘာတော် လို့လဲဟင်..
ကိုကြည်က ကျွန်မရဲ့ အစ်ကို နှစ်ဝမ်းကွဲ တော်ပါတယ်ရှင်..
သည့်ထက်ပိုပြီး စပ်စုနေဖို့ မသင့်တာမို့ သူ မမေးဖြစ်တော့ပါ..ဆိုက်ကားလေးကိုတော့ သိန်းရွှေကြည် တို့လင်မယားရှိ မည့်လမ်းထိပ် အသုပ်ဆိုင်ကလေးဆီ ဦးတည်လိုက်ပါသည်
ဒီကောင်တွေ လင်မယားက ခုချိန်ဆို အိမ်မှာမရှိကြတော့ဘူး.. လမ်းထိပ်မှာအသုပ်ဆိုင် ဖွင့်ထားတော့အဲ့ဒီမှာပဲ ရှိကြမှာ..
ဟုတ်ကဲ့.. ကျေးဇူးပါပဲ အစ်ကို..
အသုပ်ဆိုင်ကလေး ရှေ့မှာ သူ့ဆိုက်ကား ကိုထိုးရပ်လိုက်တော့ သိန်းရွှေကြည် တို့ လင်မယား နှစ်ယောက်လုံး ရှိနေကြသည်..




နေ့စဉ် မနက်စာ အတွက် သူတို့ ဆိုင်လေးမှာ အသုပ်တစ်ပွဲ
နှင့် ထမင်းဖြူစားနေကျမို့ ပီးဇော က သူ့ကိုလှမ်းမေးသည်..




ညှိသည်ဆိုသော စကားကြောင့် ပီးဇော မျက်ဝန်းတွေက ဆိုက်ကားပေါ်မှ သူမတို့သား အမိကို
အသေအချာ စူးစိုက်ကြည့်သည်..




လာကြ..လာကြ ကိုရွှေရေ ဒီမှာ စိမ်းမြတို့သားအမိ လာတယ်..
ဟော့..စိမ်းမြ ညီမလေး..ဘယ်လို ဖြစ်တာလဲနင်ကလည်း အကြောင်းမကြား ဘာမကြားနဲ့ ဗိုဗို ပါကားဂိတ်လာ ကြိုမှာပေါ့..
အခုလည်း ကျွန်တော်နဲ့တွေ့လို့ ခေါ်လာတာပါ ကိုသိန်းဇော်ကြည် ရေ..
ဟုတ်တယ်..အစ်ကို ဟို ဆိုက်ကားခမယူဘဲ ဒီက အစ်ကို လိုက်ပို့ပေးတာပါ..
ကျေးဇူးပဲ မှူးကြီး ဝိုးဇော ရေ..တို့ ကောင်ကြီးကိုပိုပို သာသာလေးသုပ်ပေး လိုက်ပါကွာ..
စိတ်ချ..စိတ်ချ.. ရှောက်သီးများများ ငံပြာရည် များများနဲ့ကို ရှယ်သုတ်ပေးလိုက်မယ် အဟင်း ဟင်း..


ဝီးဇဟာ သုပ်ပေး သည့် ခေါက်ဆွဲသုပ် နှင့်သူ့ ထမင်းစား နေခိုက်မှာ သိန်းရွှေကြည်တို့ မောင်နှမကတော့ စကားတွေ ကောင်းနေကြသည်..
အမေဆုံးပြီးကတည်းက မိမြဲ ရွာမှာ မနေချင် တော့တာ အစ်ကိုကြည့်.. ယောက္ခမတွေက မိမြဲ တို့သားအမိအပေါ် ကောင်း ပေမယ့်..
အင်..ငါနားလည်ပါတယ် မိမြဲ ရယ်..ဘာပဲဖြစ်ဖြစ်နင်တို့ သားအမိ ငါ့ဆီမှာပဲနေပါ.. ဒီလိုပဲ အဆင်ပြေအောင် ရုန်းကန်ကြရမှာပေါ့ဟာ..
ယောင်းမတွေ ခဲအိုတွေနဲ့က သိပ် အဆင်မပြေဘူးလေ..
တမင်နားထောင်တာမဟုတ်ပါဘဲ သူကြားခဲ့ရတာသူမတို့ သားအမိ အကြောင်း တစ်စိတ် တစ်ပိုင်းကိုထိုနေ့က သိခွင့် ရခဲ့ပါသည်..


ရပ်ကွက်ထိပ်က ဆိုက်ကားဂိတ်လေးသည် မှုကြီး တို့ အတွက်တော့ ဝမ်းရေး အတွက် မှီခို အားထားရာ ဘုံနန်း ကလေးတစ်ခု ဖြစ်သည်.. မှုကြီး မိုးလုံး မှုပြင်း ဆန်းဝင်း ငနေမျိုး တို့ အားလုံးသည် ဂိတ်တဲလေးမှာပဲ ဆိုက်ကားနင်း ဖြစ်ကြသည်..
မှုကြီးအဖေ ဦးဘမွှား က ဆိုက်ကားနင်းကာ မိသားစု ဝမ်းရေးကို ရုန်းကန်ရှာဖွေ ကျွေး ခဲ့သူ ဖြစ်သည်..
အဖေဆုံးတော့ မှုကြီး အသက် ဆယ့်ငါးနှစ်တောင် မပြည့်သေးပါ..ပညာရေးမှာ လည်း ရှစ်တန်းနှစ်နှစ်ဆက် ကျရှုံးပြီးမို့ ကျောင်းက ထွက်ဖြစ်သည်..အမေက ဈေးထဲမှာ ကုန်စိမ်းရောင်း တော့ သူဈေးထွက်ဈေး သိမ်း ကြိုပို့ပေးသည်..












အားလုံးက အဖေ့ရဲ့နင်းဖော်နင်းဘက်တွေချည်းမို့ ရှိသမျှဆိုက်ကား တက်နင်းရင်းသူ နင်းတက်လာ ခဲ့သည်..


ကျန်းမာရေး ချူချာကာအမေဈေး ရောင်းမထွက်နိုင်တော့ သူလည်း ဆိုက်ကားနင်းဖို့ အကြောင်းဖန်လာ၏..
အမေဘာမှပူနဲ့တော့ သားကို အုံနာ ဦးမြင့်ဝင်း က သူ့ဆိုက်ကားယူ မောင်းလို့ ပြောတယ်..
သားရယ် ဆိုက်ကားနင်းတာ ဘယ်လောက်ပင်ပန်း သလဲသိလား..
သားနင်းနိုင်ပါတယ် အမေရဲ့ နေ့တိုင်းဂိတ် မှာ သွားနင်းနေတာ ကြာပြီပဲဗျာ..
အမေ ဘာမှမပြောတော့ဘဲ မျက်ရည်လေးဝဲ ကာ သူ့ကို ငေးကြည့်နေခဲ့ပါသည်..
အမေ ဆိုက်ကား နင်းတက်မှတော့ သားဆိုက်ကားနင်းတက် ရမှာပေါ့..အမေရဲ့..
၁၄

သည့်လို့နှင့် ဆိုက်ကားဂိတ်ကလေးမှာ သူဆိုက်
ကားသမား ဘဝ ရောက်ခဲ့သည်.. နောက်တော့
ပျူပြင်းနှင့်မိုးလုံးပါရောက်လာ၏..ထူးဆန်းလှ
သော အဖြစ်အပျက်တော့မဟုတ်ပါ.. ငယ်စဉ်
တုန်းက လေယာဉ်ပျံကြီး မောင်းမည်ဟု ကြွေး
ကြော် ဖူးသောပျူပြင်းလည်း နောက်ဆုံးတော့
ဆိုက်ကားပေါ် ရောက်လာ သည်..







လူပျိုဘဝတုန်းက အိမ်မှာပဲ မိဘလုပ်စာကို
အငြိမ့်သား ထိုင်စားနေသော မိုးလုံးသည်လည်း
မမျှော်လင့်ဘဲ အိမ်ထောင်ကျတော့ ဆိုက်ကား
ဂိတ်လေးကို ရောက်လာပြန်၏..


လူပျိုတုန်းက မိဘလုပ်စာ ထိုင်စားရတာအဆင်ပြေတယ် အခု မိန်းမရသွားတော့ မလွယ် တော့ဘူးကွ..
မင်းကလည်း တုံးလိုက်တာ မိန်းမ လုပ်စာထိုင်စားပေါ့
ဟာ..တို့ရပ်ကွက်ထဲက ကိုတင့်လွင်ကြီး မိန်းမလုပ်စာ ထိုင်စားရင်း သူ့မိန်းမသူ့ အလုပ်ရှင် နောက်ပါသွား တာ မင်းမသိဘူးလား..
ဘယ်လိုပဲဖြစ်ဖြစ် ငယ်စဉ်တုန်းကတည်း က ငယ်သူငယ်ချင်း တွေ ဖြစ်ခဲ့ကြသော သူတို့တွေ ဆိုက်ကား ဂိတ်မှာ အေးအတူ ပူအမျှ ပြန်ဆုံဖြစ်ခဲ့ကြ တာတော့ ပျော်စရာ ပါပဲ..


ညနေ နေကလေး ညိုပြီဆိုရင်တော့
ဆိုက်ကားဂိတ်မှာ ငုပ်လေးထိုင်နေသည့်
မိုးလုံး လေကလေး တဆော့ဆော့
တက်ပြီ...
ဆော့..ဆော့.. ဆော့..ဆော့..
မိုးလုံး ဘာဖြစ်နေတာလဲ.. မင်းမိန်းမက ကလေးတောင် မမွေးသေးဘူး..မင်းက သား ချောတေးဆိုကျင့်နေပြီ လား..
လာနောက်မနေနဲ့ပျုပြင်း ပါမရတော့ဘူး..လေဆန် နေပြီဟ ဦးတိုးကြီးဆိုင် လစ်ရအောင်..
ညနေဆို ပင်ပန်းတာ အကြောင်းပြပြီး တစ်ခွက်တစ်ပိုင်း သောက်တတ်
သည့် မိုးလုံး အဖော်ညှိလာလျှင် ပျုပြင်းက အသင့်ဖြစ်နေတတ်၏..
ပျုကြီး လစ် ရအောင်ကွာ..


ထုံးစံအတိုင်း သူ့ကို ဒီနှစ်ကောင်အဖော်ညှိကြပြန်သည်..အရက်ကို မသောက်တတ်ပေမဲ့ပုပြင်းတို့နှင့် ဆိုင်လိုက်ထိုင်ကာ အမြည်းစား အဖော်ထိုင်ပေးတတ်သည့် သူ့ထရပ်ပြီး ဖြစ် နေသည်..
အမေ မရှိတော့ ကတည်းက တစ်ကောင်ကြွက် တစ်ယောက်တည်းသမားဖြစ်ခဲ့သော သူပုပြင်းတို့မိုးလုံးတို့ကို ခင်တွယ်ပေါင်းသင်း ဖြစ်၏..
ဦးတိုးကြီး ၏ ဘုံဆိုင်ကလေးဆီ သူတို့အုပ်စု ချီတက်ခဲ့ကြတော့ ဆိုင်ထဲမှာ အုံ့သြစွာ ရောက်နေသောသိန်းရွှေကြည် ကို တွေ့လိုက်သည်..
ဟာသိန်းရွှေကြည် ထူးထူးဆန်းဆန်းဆိုင်မှာ လာသောက်နေပို့ လား..
ဝါးဖော်မှာ အဖော်ရှိနေပြီ လေကွာ ဒါကြောင့် လစ်ထွက်လာ တာ..
၁၈


သူတို့တွေ သိန်းရွှေကြည် ဝိုင်းမှာပဲ ထိုင်ဖြစ်ကြသည်.. သောက်စားဝိုင်းဖွဲ့ကြရင်း စကားပြောကြရင်း သိန်းရွှေကြည်က သူ့အိမ်ရောက်နေသော သူ့ညီမအကြောင်း ပြောပြသည်..
ပွဲကြီးဟိုတစ်နေ့က မင်းဆိုက်ကားနဲ့ခေါ်လာတဲ့ ငါ့ညီမဝမ်းကွဲကိုသိတယ် မို့လား..
အင်း သိပါတယ် ဗျ..
အေး သူက ပိတ်နေ့ပဲ နေတော့မှာကွ..
နေပါဦး သူ့ ယောကျာ်းက ကော..
အေးကွာ ငါ့ညီမလေးက ကံဆိုးရှာပါတယ်..



အဖေက ငယ်ငယ်ကတည်းကဆုံးသွားရှာတာ အမေနဲ့ပဲ နေရှာတာ.. သူတို့ရွာက တံငါ ရွာကလေး ဆိုတော့ ငါးခွဲငါးလှန်း အလုပ်ပဲ လုပ်ရှာတာပေါ့..
နောက်တော့ တစ်ရွာတည်းသား အောင်နိုင်နဲ့အိမ်ထောင်ကျတာပဲ အောင်နိုင်က ငါးဖမ်း စက်လှေ လိုက်တယ်ကွ..
ကောင်လေးက အသောက်အစားကင်းပြီး ပု့ညီမကို လည်း ချစ်ခင်ကြင်နာရှာပါတယ်.. ဒါပေမဲ့ အခု ပု့ညီမရဲ့သားလေးလသား အရွယ်မှာပဲ အောင်နိုင် လိုက်သွားတဲ့ ငါးဖမ်းစက်လှေ မုန်တိုင်းမိပြီး မှောက်တယ်..
ဘိန်းရွှေညို ပြောပြသမျှ သူတို့နား ထောင်မိကြသည်.. သူ့အာရုံထဲမှာလည်း မိခင်ရွှေတို့ သားအမိမျက်နှာကိုသာ မြင်ယောင်မိ၏..
စက်လှေပေါ်ပါသွားတဲ့ သူတွေထဲက သုံး ယောက်ပဲ တံငါလှေ တစ်စင်းက ကယ်နိုင် ခဲ့တယ်.. အောင်နိုင် ကတော့ ပါမလာခဲ့ ဘူး...